■ "ပေါက်ဖော်ချစ်ကြည်ရေး"

# ကျွန်မတယ်ဟုန်မှာနေတာထိုင်တာအစစအရာရာ အဆင်ပြေပါတယ် တရုတ်နိုင်ငံတွင် မြန်မာနိုင်ငံသားများ၏ နေထိုင်မှုဘဝ



## တုံချိုင်ရှင်– တရုတ်နိုင်ငံတွင်လုံခြုံတယ်လို့ခံစားမိတယ်

"ကျွန်မကတရုတ်နိုင်ငံတယ်ဟုန်တွင် အလုပ်လုပ်သည်မှာ သုံးနှစ်ကျော်ရှိပြီ။ တရုတ်နိုင်ငံမှာ နေထိုင်တာဟာ အစစ အရာရာအဆင်ပြေပါတယ်။ တရုတ်နိုင်ငံဘက်က အလွန်လုံခြုံပါတယ်။ ထို့ပြင် ဒီဘက်က လုပ်အားလစာလည်းအလွန်များတယ်။ တရုတ်နိုင်ငံတွင် နေထိုင်ခြင်းကို ကျွန်မနှစ်သက်ပါတယ်"ဟု သတင်းထောက် အားတုံချိုင်ရှင်က ပြောပြသည်။ သူက အသက်(၁၉)နှစ်အရွယ်ရှိပြီး တရုတ်နိုင်ငံကိုရောက်နေသည်မှာ သုံးနှစ်ကျော်ရှိပြီ။ တရုတ်နိုင်ငံရွှေလီမြို့သို့ လာရောက်လုပ် ကိုင်ကြသော မြန်မာလူမျိုးများကဲ့သို့ တုံချိုင်ရှင်သည်လည်း သူငယ်ချင်း၏မိတ်ဆက်ခြင်းဖြင့် ဤနေရာကိုလာပြီး အလုပ်လုပ်ကိုင်သည်။ စရောက်တုန်းကတုံချိုင်ရှင်နေထိုင်ရသည်မှာ အနည်းငယ်အဆင်မပြေပေ။ မည်သို့ပင်ဆိုစေကာမူ မတူသောနိုင်ငံနှစ်နိုင်ငံဖြစ်ပါသည်။ "စရောက်လာတဲ့အချိန်မှာ တရုတ်လူမျိုး သူငယ်ချင်းတွေအရမ်းနည်းတယ်။ စားရတာလည်း အဆင်မပြေဘူး။ နေတာထိုင် တာလည်း အဆင်မပြေဘူး။ မြန်မာနိုင်ငံကိုတောင် ပြန်သွားတော့မလို့ပဲ။" သုံးနှစ်တာ အချိန်ကုန်သွားသော်လည်း ယခုအချိန်ပြန်လည်ပြောကြားသည့်အခါတွင် တုံချိုင်ရှင် အလွန်စိတ်လှုပ်ရှားပါသည်။ တုံချိုင်ရှင်က သတင်းထောက်အားထိုကဲ့သို့ပြောပြသည်။ တရုတ်နိုင်ငံရွှေလီကို ရောက်နေတာအချိန်ကြာလေပြီနှင့်အညီ သူငယ်ချင်းလည်းများလာတယ်။ ထို့ပြင်ကုမ္ပဏီကလည်း နည်းပညာသင်တန်းများ ကို မကြာခဏ သင်ကြားပို့ချပေးသောကြောင့် နည်းပညာများစွာ တတ်ကျွမ်းလာတယ်။

"ကျွန်မက မြန်မာနိုင်ငံစားသောက်ဆိုင်တွင်လည်း အလုပ်လုပ်ဖူးတယ်။ ထိုနေရာမှာ ပေးတဲ့လစာကိုတရုတ်ယွမ်(၁၀၀၀)ခန့်သာရှိပါတယ်။ သို့သော် တရုတ်နိုင်ငံသို့ ရောက်ရှိလာပြီးနောက် ရရှိသောလစာကနှစ်ဆလောက်ဖြစ်သွားပါတယ်။ ကျွန်မအခုရရှိတဲ့ လစာက တရုတ်ယွမ်(၁၆၀၀)ရှိတယ်။ ထို့ပြင် ကုမ္ပဏီမှာရာထူးတိုးဖို့ အခွင့်လည်းရှိပါတယ်။ ကျွန်မကိုမျှော်လင့်ချက်များစွာရှိစေတယ်" ဝင်ငွေလစာကွာခြားချက်အကြောင်းပြောမိသောအခါတွင် တုံချိုင်ရှင်ကပြုံးရွှင်စွာ သတင်းထောက်ကိုပြောသည်။ ယခုအချိန်တွင် သူမအဖြစ်ချင်ဆုံးသော ဆန္ဒသည်ဒီနေရာတွင်အလုပ်ကြိုးစားလုပ်၊ ဝင်ငွေရှာပြီးမြန်မာနိုင်ငံသို့ပြန်ကာ အိမ်ဟောင်းကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းပင်ဖြစ်သည်။ တစ်အိမ်သားလုံးကို သာယာပျော်ရွှင်သောဘဝ ပိုင်ဆိုင်နိုင်ရန်ကြိုးစားနေပါသည်။

## ဖူခွမ်မိုင်–တရုတ်လူမျိုးတွေဟာကျွန်မတို့ကိုသူတို့ရဲ့မိသားစုလိုရင်းနှီးပါတယ်

"လွန်ခဲ့သောတစ်နှစ်က ထိုနေ့ညသန်းခေါင်အချိန်မှာ ဆေးရုံသို့အရေးပေါ်ပို့ပေးခဲ့သော အကြောင်းကြောင့်တရုတ်လူမျိုးများကကျွန်တော်တို့အပေါ် ချစ်ကြည်ရင်းနှီးမှုများရှိပါတယ်လို့ စိတ်ခံစားမိပါတယ်။ သူတို့တတွေဟာကျွန်မကို ဆက်ဆံသည့်အခါမှာ မိမိ၏မိသားစုဝင်ကဲ့သို့ ဆက်ဆံပါတယ်။ ကျွန်မက နိုင်ငံရပ်ခြားကိုရောက်ရှိနေသော်လည်း မိမိအိမ်တွင် နေရသကဲ့သို့ ခံစားမိပါတယ်" တယ်ဟုန်တွင်နေထိုင်ရသော ခံစားချက်များကို မေးမြန်းမိသည့် အခါတွင် အသက်(၃၂)နှစ်အရွယ်ရှိပြီး တရုတ်နိုင်ငံသို့ရောက်ရှိနေသည်မှာ နှစ်နှစ်ကျော်ရှိပြီဖြစ်သော ဖူခွမ်မိုင်က ဝမ်းသာစွာဖြင့်ပြောကြားသည်။

ယခုအချိန်မှ ရောက်ရှိလာသော သူများနှင့် နှိုင်းယှဉ်လျှင် တယ်ဟုန်ရွှေလီမြို့တွင် နှစ်နှစ်ကျော်လုပ်ကိုင်သော ဖူခွမ်မိုင်သည် အဆိုပါဒေသတွင်ရှိသောအရာအားလုံးကို ပိုမိုအကျွမ်းတဝင် ရင်းနှီးနေသည်။ သူမ၏ဇာတိသည် မြန်မာနိုင်ငံကွတ်ခိုင်ခရိုင်လေခိုင်ရွာဖြစ်ပြီး ယခုတွင် ဟိုတယ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေသည်။ သူမကသတင်းထောက်အား ထိုကဲ့သို့ပြောကြားသည်။ သူ့မောင်နှမ(၅)ယောက်ရှိသည်။ သူမတစ်ယောက်တည်းသာလျှင် ပြည်ပသို့ထွက်ပြီးအလုပ်ရှာကာ အိမ်ကိုစရိတ်ထောက်ပံ့ပေးသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင်ရရှိသော လုပ်အားခနည်းလွန်းသောကြောင့်၊ သိပ်လည်းမလုံခြုံသောကြောင့် ဖြစ်သည်။ ထို့ကြောင့်သူမသည် သူငယ်ချင်းမိတ်ဆွေ၏ မိတ်ဆက်မှုဖြင့် ရွှေလီမြို့သို့ အလုပ်လုပ်ရန် ရောက်ရှိလာသည်။ "ရွှေလီမြို့သို့စရောက်တုန်းက ဒီနေရာနဲ့အံဝင်ခွင်ကျမဖြစ်မှာကို စိုးရိမ်မိတယ်။ ဒီမှာရှိတဲ့လူတွေနဲ့ မဆက်ဆံတတ်မှာကိုစိုးရိမ်မိတယ်။ တရုတ်လူမျိုးတွေက ကျွန်မတို့ကို ချစ်ကြည်ရင်းနှီးမှုမရှိမှာကို စိုးရိမ်မိပါတယ်။ ဒီနေရာကိုရောက်ရှိပြီးသော စိတ်ခံစားချက်များကိုမေးမြန်းတဲ့အခါမှာအစတုန်းက ဖူခွမ်မိုင်က စိုးရိမ်ပူပန်မှုများရှိခဲ့တယ်။ သို့သော် သုံးနှစ်နီးပါး ပေါင်းသင်းဆက်ဆံပြီး ကျွန်မရောက်ခါစရှိတဲ့စိုးရိမ်မှု အားလုံးကင်းရှင်းသွားတယ်။ ဒီကလူတွေက ကျွန်မတို့မြန်မာလူမျိုးတွေကို ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံကြပါတယ်။ ကျွန်မအိမ်ကို ပြန်ရောက်နေသလို ခံစားမိတယ်။ အချိန်တစ်နှစ်ကြာပေမဲ့ ဟိုတခေါက်တုန်းက ညသန်းခေါင်ကြီးနေမကောင်းဖြစ်တဲ့အကြောင်းကို ပြောမိလျှင် ဖူခွမ်မိုင်က အလွန်စိတ်လှုပ်ရှားလျက်ရှိပါသေးသည်။ လွန်ခဲ့သော တစ်နှစ် ထိုနေ့ညသန်းခေါင်တွင်ဖူခွမ်မိုင်က နေမကောင်းဖြစ်တယ်။ ထိုအချိန်တုန်းက သိကျွမ်းသူလည်းနည်းသေးတယ်။ သူမနှင့်အတူအဆောင်နေသော တရုတ်လူမျိုးမိတ်ဆွေတစ်ဦးနှင့်သူ၏အခြားသော သူငယ်ချင်းများက အသီးသီးလာရောက်ကူညီကြတယ်။ ထိုအချိန်က ညသန်းခေါင်ကြီးဖြစ်နေလို့ အငှားကားလည်းရှာမရပေ။ အဆောင်အတူတူနေသော အဆောင်ဖော်က သူမကိုကုန်းပိုးပြီးဆေးရုံသို့ အမြန်ပို့ပေးခဲ့သည်။ နောက်ရက်တွေလည်း တရုတ်မိတ်ဆွေအဆောင်ဖော်များက သူမကို ဂရုတစိုက်ပြုစုပေးတယ်။ သူမကအိမ်၏နွေးထွေးမှုကိုတကယ်ခံစားမိပါတယ်။

"ကျွန်မတရုတ်နိုင်ငံတွင် နေထိုင်ရတာအားလုံးအဆင်ပြေပါတယ်။ တရုတ်လူမျိုးများဟာ ကျွန်မကိုအိမ်သားကဲ့သို့ ဆက်ဆံကြောင်း၊ ကျွန်မတို့၏ ချစ်ကြည်ရင်းနှီးမှုသည် အလွန်ခိုင်မာကြောင်းကို မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင်လည်း မြန်မာလူမျိုးများကို ပြောကြားသွားမည်ဖြစ်သည်"မေးမြန်းမှု ပြီးဆုံးသွားသည့်အခါတွင် ဖူခွမ်မိုင်ပြုံးရယ်ရင်း သတင်းထောက်အားပြောကြားပါသည်။

